## ၂၀၁၇ မြေသိမ်းဥပဒေ (အကြမ်း) နှင့်
## လက်ရှိပြင်ဆင်နေသော ၂၀၁၂ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်၊မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ များအပေါ်
## တနင်္သာရီတိုင်းဒေသကြီး အရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ( ၁၇ )ရက် ထားဝယ်မြို့၊ဆိပ်ကမ်းသာခန်းမတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်း မှ အရပ်ဘက်အဖွဲ့အစည်း (၂၈) ဖွဲ့ နှင့် မြေယာအရေးစိတ်ပါဝင်စားသူများ စုစုပေါင်း (၁၂၆) ဦး တက်ရောက် ၍ မြေယာဥပဒေများသုံးသပ်ချက် ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

၂။ ထိုဆွေးနွေးပွဲမှတက်ရောက်လာသူများက တနင်္သာရီတိုင်းဒေသကြီးတွင် မြေလွတ်၊မြေလပ်၊မြေရိုင်း လုံးဝ (လုံး၀)မရှိပါ။ မိရိုးဖလာ၊ ခါးမဦးချ လုပ်ကိုင်စားသောက်ပိုင်ဆိုင်သော တိုင်းရင်းသား ရိုးရာဓလေ့အရ ပိုင်ဆိုင်လာသော မြေများသာရှိပါသည်။

၃။ မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ နှင့် လယ်ယာမြေဥပဒေများတွင် ဒေသခံပြည်သူများကို ကာကွယ်ထားခြင်း မရှိသည့်အပြင် မိရိုးဖလာအရမြေယာပိုင်ဆိုင်ခွင့် ဆုံးရှုံးနေသည့်အတွက်ပြည်သူ့ဗဟိုပြု ဥပဒေ အသစ်ပြန်လည်ရေးဆွဲရန်လိုအပ်သည်။

၄။ ၂၀၁၇ မြေသိမ်းဥပဒေ(အကြမ်း) သည် ပြည်သူများအတွက် ကာကွယ်ပေးခြင်းမရှိ၊ ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင် ဆက်ခံပိုင်ခွင့်မရှိခြင်း နှင့် မြေသိမ်းသူအတွက်သာကာကွယ်ပေးထားသည့်အတွက် လုံးဝ(လုံးဝ) ကန့်ကွက်သည်။

၅။ ၂၀၁၇ မြေသိမ်းဥပဒေ(အကြမ်း) သည် ဒေသခံပြည်သူတို့၏ ယဉ်ကျေးမှု၊ ဘ၀ရပ်တည်ရှင်သန်ရေး၊ လူ့ဂုဏ်သိက္ခာ တို့အတွက် မှီခိုအားထားရာ မြေယာ၊ ရေ သားငါး၊ သစ်တော၊ အစရှိသည့် သဘာ၀သယံဇာတ တို့ကို ကြီးမာစွာခြိမ်းခြောက် လျှက်ရှိခြင်း၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်း များနှင့်တိုင်းရင်းသားအခွင့်အရေးများကို လျစ်လျူရှုပြီး မြေသိမ်းမှုကို အချိန်မရွေးတရား၀င်လုပ်ဆောင်နိုင်ရန် အားပေးရေးဆွဲထားသည်ကိုတွေ့ရှိသည့်အတွက် လုံးဝ(လုံးဝ)ကန့်ကွက်သည်။

၆။ ၂၀၁၇ မြေသိမ်းဥပဒေ(အကြမ်း) သည် လက်ရှိအကောင်ထည်ဖော်ဆောင်ရွက်နေသော အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေနိုင်ပြီး၊ ပဋိပက္ခဖြစ်လာစေနိုင်သည့်အတွက် လုံးဝ(လုံးဝ) ကန့်ကွက်သည်။

ပြည်သူ့ဗဟိုပြုရေးဆွဲခြင်းမဟုတ်သည့် မြေယာဥပဒေများနှင့် ၂၀၁၇မြေသိမ်းဥပဒေ(အကြမ်း) ပြဌာန်းမှု ရပ်ဆိုင်းပြီး၊ လက်ရှိမြေယာပြဿနာများ အမြန်ဆုံးဖြေရှင်းပေးရန်နှင့် ဌာနေတိုင်းရင်းသား၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာ၊ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ ဒီမိုကရေစီစံနှုန်းများလွှမ်းခြုံနိုင်သော ပြည်သူ့ဗဟိုပြုမြေယာပိုင်ဆိုင်မှုကို အာမခံပေးသည့် ဥပဒေတစ်ရပ်ပြဌာန်းပေးရန်တောင်းဆိုလိုက်သည်။

ရက်စွဲ။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ( ၁၇ ) ရက်။

**မြေယာအရေးလုပ်ရှားဆောင်ရွက်သူများကော်မတီ**

**ဆက်သွယ်ရန်**

မယ်ရီရီထွေး ၀၉ ၄၀၀ ၄၆၄ ၂၃၁

ဦးလွင်အောင် ၀၉ ၄၂၂ ၂၂၆ ၃၅၃

ကိုတူးတူး ၀၉ ၄၂၅ ၂၇၂ ၆၂၇